Maryland

GOVERNOR'S OFFICE
OF COMMUNITY INITIATIVES

# Maryland

**DEPARTMENT OF HEALTH**

**Coronavirus Disease 2019 (COVID-19)**

## စမ်းသပ်မှုနှင့် ပတ်သက်၍ အမေးများသော မေးခွန်းများ

**နောက်ဆုံးအတည်ပြုရက် မတ်လ ၁၅၊ ၂၀၂၀**

ယခုကဲ့သို့ ကျန်းမာရေး စောင့်ရှောက်မှုစနစ်အတွက် လိုအပ်မှုအများဆုံး အချိန်တွင် သင်၏ ဆရာဝန်/ကျန်းမာရေး စောင့်ရှောက်မှုပေးသူထံသို့ ရက်ချိန်းမရှိဘဲ သွားခြင်းမှ ရှောင်ကြဉ်ရန် လိုအပ်ပါသည်။ မသွားမီ ဖုန်းဖြင့်အရင် ဆက်သွယ်ရန် အရေးကြီးပါသည်။

ရောဂါလက္ခဏာ အနည်းငယ်ရှိသူများ အရေးပေါ်ဌာနသို့ မသွားသင့်ပါ။ ရောဂါမပြင်းထန်သူများသည် အိမ်တွင်နေ၍ မိမိ၏ ဆရာဝန်/ကျန်းမာရေးစောင့်ရှောက်သူကို ဖုန်းဖြင့်ဆက်သွယ်ပြီး ညွှန်ကြားမှုရယူသင့်ပါသည်။

အခြားသော ဓာတ်ခွဲစမ်းသပ်မှုများကဲ့သို့ပင် COVID-19 စမ်းသပ်မှုသည်လည်း ဆရာဝန်/ကျန်းမာရေးစောင့်ရှောက်သူ၏ ဆုံးဖြတ်ချက်ပင် ဖြစ်ပါသည်။ ဤစစ်ဆေးမှုသည် လူတိုင်းအတွက် မသင့်တော်ပါ။ စမ်းသပ်ပစ္စည်းများ ပိုမိုရရှိနိုင်သည်နှင့်အမျှ စမ်းသပ်မှုများ ပိုမိုပြုလုပ်နိုင်ပါမည်။

### ဘယ်နေရာမှာ စစ်ဆေးနိုင်သလဲ? ဘယ်သူ့ကိုဆက်သွယ်ရမလဲ ?

ဆရာဝန်/ကျန်းမာရေးစောင့်ရှောက်သူက ဆေးစစ်မှုကို ညွှန်ကြားမည်ဖြစ်၍ မိမိ၏ဆရာဝန်/ကျန်းမာရေးစောင့်ရှောက်သူနှင့်ဆွေးနွေးပါ။ ကျန်းမာရေးစောင့်ရှောက်သူ၏ အဆုံးအဖြတ်သည် ဆေးပညာဆိုင်ရာ သုံးသပ်မှု စမ်းသပ်ပစ္စည်းရရှိနိုင်မှု လူနာထံမှ နမူနာ (specimen) ကို အန္တရာယ်ကင်းစွာ ရယူနိုင်မှုစသည့် အချက်အလက်များစွာပေါ် မူတည်ကြောင်း သတိပြုပါ။ ယခုလောလောဆယ်တွင် မယ်ရီလန်း ကျန်းမာရေးဌာန(MDH)နှင့် ဒေသဆိုင်ရာ ကျန်းမာရေးဌာနများသည် လူနာထံမှ စစ်ဆေးရန်နမူနာ (specimen) ယူပေးခြင်း မပြုလုပ်ပါ။

### ဆရာဝန်/ကျန်းမာရေးစောင့်ရှောက်သူ မရှိဘဲ မိမိဖာသာ စစ်ဆေးမှု ရနိုင်သလား ?

မရနိုင်ပါ။ စမ်းသပ်မှုကို ညွှန်ကြားမှုယူခြင်း နမူနာယူခြင်း နမူနာအား ဓာတ်ခွဲခန်းတွင် စစ်ဆေးရန် ပို့ပေးခြင်းတို့ကို ကျန်းမာရေးစောင့်ရှောက်သူကသာ ပြုလုပ်ရမည်။

**ဆရာဝန်/ကျန်းမာရေးစောင့်ရှောက်သူက ကျွန်ုပ် စစ်ဆေးလို့မရဘူးလို့ ပြောပါတယ်။ ဘာကြောင့် မရတာလဲ ?**

ကျန်းမာရေးစောင့်ရှောက်သူက လူနာတယောက်၏ COVID-19 စစ်ဆေးမှုလိုအပ်ချက်ကို ဆုံးဖြတ်ပြီး စစ်ဆေးမှုကို ညွှန်ကြားမှာယူပါသည်။ ကျန်းမာရေးစောင့်ရှောက်သူ၏ အဆုံးအဖြတ်သည် ဆေးပညာဆိုင်ရာသုံးသပ်မှု စမ်းသပ်ပစ္စည်းရရှိမှု ခရိုင်ကျန်းမာရေး၏ ဆောင်ရွက်နိုင်မှုအင်အား စသော အချက်အလက်များစွာပေါ် မူတည်ကြောင်း သတိပြုပါ။ ရောဂါလက္ခဏာမရှိသူများ စစ်ဆေးမှု ပြုရန် မလိုအပ်ပါ။

**ကျွန်ုပ်သည် စစ်ဆေးရန် လိုအပ်သည့် သတ်မှတ်ချက်စံနှုန်းနှင့် မကိုက်ညီပါ။ ဘယ်လိုဘဲဖြစ်ဖြစ် ဘာကြောင့် ပေးမစစ်သလဲ ?**

မည်သည့်အုပ်စုများသည် စစ်ဆေးမှု လိုအပ်ကြောင်း သတ်မှတ်ထားသည့် စံနှုန်း မရှိတော့ပါ။ ဆေးပညာရှင် တဦးအနေဖြင့် COVID-19 စစ်ဆေးမှုကို ဆေးပညာ အရ လိုအပ်သလို ဆုံးဖြတ်နိုင်သည်။ ဆရာဝန်/ကျန်းမာရေးစောင့်ရှောက်သူ၏ ဆုံးဖြတ်ချက်သည် ဆေးပညာဆိုင်ရာသုံးသပ်မှု စမ်းသပ်ပစ္စည်း ရရှိနိုင်မှု ခရိုင်ကျန်းမာရေး၏ ဆောင်ရွက်နိုင်စွမ်းအင်အား စသော အချက်အလက်များစွာပေါ် မူတည်ပါသည်။

**စစ်ဆေးမှုမှာ ဘာတွေပါဝင်သလဲ ? ဘယ်လိုစစ်ဆေးသလဲ ?**

ခရိုင်ကျန်းမာရေး တခုချင်းစီတွင် တိကျသော သတ်မှတ်ချက်များ ရှိပါသည်။ သာမန်အားဖြင့် ထိပ်ဖျားတွင် ဂွမ်းစပါသော တုတ်တံဖြင့် နှာခေါင်း သို့မဟုတ် အာခေါင် သို့မဟုတ် နှစ်နေရာလုံးမှ နမူနာယူပါသည်။ သင့်ကို စစ်ဆေးရန် ညွှန်ကြားသော ဆရာဝန်/ကျန်းမာရေးစောင့်ရှောက်သူမှ မည်သည့် နမူနာအမျိုးအစား ယူသင့်ကြောင်းကို ဆုံးဖြတ်၍ ရှင်းပြပါလိမ့်မည်။

**စစ်ဆေးမှု အဖြေရဘို့ ဘယ်လောက်ကြာသလဲ ?**

စစ်ဆေးပေးသည့် ခရိုင်ကျန်းမာရေးပေါ် မူတည်ပါသည်။ မည်မျှကြာမည် မည်သည့်ခရိုင်ကျန်းမာရေးတွင်စစ်မည် အဖြေကို မည်သည့်နည်းဖြင့်ရယူမည် စသည်တို့ကို သင်၏ ဆရာဝန်/ကျန်းမာရေးစောင့်ရှောက်ပေးသူနှင့် ဆွေးနွေးပါ။

**ပုဂ္ဂလိကခရိုင်ကျန်းမာရေးများအတွက် စစ်ဆေးမှုစံနှုန်းကို ဘယ်သူဆုံးဖြတ်သလဲ?**

ဆရာဝန်/ကျန်းမာရေးစောင့်ရှောက်ပေးသူက ပုဂ္ဂလိကခရိုင်ကျန်းမာရေးသို့ ပို့မပို့ ဆုံးဖြတ် ပါသည်။ ကျန်းမာရေးစောင့်ရှောက်သူ၏ အဆုံးအဖြတ်သည် ဆေးပညာဆိုင်ရာသုံးသပ်မှု စမ်းသပ်ပစ္စည်း ရရှိနိုင်မှု လူနာထံမှ နမူနာ (specimen)ကို အန္တရာယ်ကင်းစွာရယူနိုင်မှု စသည့် အချက်အလက်များပေါ် မူတည်ကြောင်း သတိပြုပါ။ COVID-19 စစ်ဆေးရန် ကျန်းမာရေးအာမခံ ကုမ္ပဏီ၏ ကြိုတင်ခွင့်ပြုချက် မလိုပါ။

**ဘာကြောင့် စစ်ဆေးမှု အလုံအလောက် မရှိသလဲ ?။**

COVID-19 သည် ကူးစက်ရောဂါအသစ်ဖြစ်ပါသည်၊ စစ်ဆေးနိုင်စွမ်းကို အမြန်ဆုံးတိုးမြှင့်ရန် ဓာတ်ခွဲခန်းများမှ ကြိုးစားနေပါသည်။ စမ်းသပ်ပစ္စည်း ပိုမိုရှိလာနိုင်သည်နှင့်အမျှ စစ်ဆေးမှုများ ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင် နိုင်ပါမည်။

**ကျွန်ုပ်သည် COVID-19 ရှိကြောင်း အတည်ပြုပြီးသောသူနှင့် ထိတွေ့မှု ရှိခဲ့နိုင်ပါသည်၊ ဘာလုပ်သင့်သလဲ ?**

COVID-19 ရှိကြောင်း အတည်ပြုပြီးသူနှင့် ထိတွေ့မှုရှိပါက ဘာလုပ်သင့်ကြောင်း အကြံပြုချက်သည် သင်မည်သို့ မည်ပုံထိတွေ့ခဲ့သည့်အပေါ် မူတည်ပါသည်။ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (CDC) ၏ အဆိုအရ အနီးကပ် ထိတွေ့မှုဆိုသည်မှာ ၆–ပေ (၂–မီတာ)အတွင်း အချိန်ကာလကြာရှည်စွာ အတူရှိနေမှု ဟု အဓိပ္ပါယ်ဖွင့်ပါသည်။ လူအားလုံး အထူးသဖြင့် အနီးကပ်ထိတွေ့သူများသည် နေမကောင်းသည့်လက္ခဏာများကို ဂရုစိုက်စောင့်ကြည့်ခြင်း တနေ့ နှစ်ကြိမ် ကိုယ်အပူချိန်တိုင်းခြင်းများ ပြုလုပ်သင့်ပါသည်။ အကယ်၍ နေမကောင်းခြင်း သို့မဟုတ် အပူချိန် ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်နှင့် အထက်ရှိခြင်းများ ဖြစ်လာပါက ချက်ချင်း အများနှင့် သီခြားခွဲနေပြီး ဆရာဝန်ထံ ဆက်သွယ် အကြံပြုချက် ရယူပါ။

လက်ရှိ CDC လမ်းညွှန်ချက်အရ ရောဂါရှိသူနှင့် ထိတွေ့ ဆက်ဆံမိခဲ့ပါက နောက်ဆုံး ထိတွေ့မိချိန်မှ ၁၄ ရက်တိုင်သည်အထိ အလုပ်မသွား ကျောင်းမသွားဘဲ မိမိအိမ်တွင်သာနေပြီး ရောဂါလက္ခဏာများကို စောင့်ကြည့်ရပါမည်။

**စစ်ဆေးရန်အတွက် ဒေသဆိုင်ရာ ကျန်းမာရေးဌာနက ခွင့်ပြုရန် လိုအပ်ပါသလား?**

မလိုအပ်ပါ။ သင်၏ဆရာဝန်/ကျန်းမာရေးစောင့်ရှောက်ပေးသူသည် ပြည်နယ်နှင့်ဒေသဆိုင်ရာ ကျန်းမာရေးဌာနများနှင့် မတိုင်ပင်ဘဲ စမ်းသပ်ညွှန်ကြားချက် ပေးနိုင်ပါသည်။